**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆဋ္ဌမနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၂၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၃၀-၁-၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဆေးရုံတက်ရောက်ရန်။ ဦးစိုးသီဟ(ခ)ဦးမောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအို - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူး မြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်းများမရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့် (Home Stay)အား အထူးကိစ္စရပ် အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ က ကချင် ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအို - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်းများမရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့် (Home Stay)အား အထူး ကိစ္စရပ်အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားသည်တော် များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)ဖြစ်တဲ့ ပူတာအိုခရိုင်ရှိ ဆွမ်ပရာဘွမ်မြို့နယ်မှလွဲ၍ ကျန် ပူတာအို - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များသည် အဖြူရောင်နယ်မြေများ ဖြစ်ခဲ့ပါတယ်။ လက်ရှိလည်း တည်ရှိနေဆဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှစ၍ ကမ္ဘာလှည့် ခရီးသည်များ သွားလာခွင့်၊ တောင်တက်ခွင့်များ ပိတ်ပင်ခဲ့၍ ဟိုတယ်နှင့် ခရီးသွားလာရေးကို မှီခိုနေကြသော ဒေသခံ များ၌ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေးတို့၌ အခက်အခဲများစွာ ကြုံတွေ့နေခဲ့ကြရပါတယ်။

ဒေသခံများသည် မိမိတို့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးမှထွက်ရှိသော သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်၊ သစ်ဥသစ်ဖု၊ သား၊ ငါး၊ ကြက်၊ ဘဲ၊ ဝက် စသည်တို့ကိုလည်းကောင်း၊ လုပ်အားများဖြင့် အထမ်းကယ်ရီ ဆင်ဖြင့်ပို့ဆောင်ခြင်း၊ နွားလှည်း၊ မြင်း၊ လား၊ ဆိုင်ကယ်၊ သုံးဘီး၊ ကား၊ စက်လှေ များဖြင့် ပို့ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဟိုတယ်၊ တည်းခိုခန်း(Home Stay)များဖြင့်သော် လည်းကောင်း၊ ဧည့်လမ်းညွှန်(Tourist Guide) ပြီးတော့ Interpreter ၊ ဘာသာပြန်(Translator) များဖြင့်သော်လည်းကောင်း၊ စားသောက်ဆိုင်များဖြင့်သော်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဝင်ငွေများစွာ ဆုံးရှုံးနေခဲ့ကြရသည်မှာ ယနေ့တိုင်ဖြစ်ပါတယ်။ နောက်ဆက်တွဲဆိုးကျိုး(Consequences) အနေနဲ့ကတော့ တစ်ဖက်နိုင်ငံသို့ လူငယ်မောင်မယ်များ၊ လူကြီးများပါမကျန် တရားဝင်ရော၊ တရား မဝင်ရော အလုံးအရင်းနဲ့ နိစ္စဓူဝ ရောက်ရှိနေကြပါတယ်။ ဤသို့ တိုင်းပြည်၏ လူသားအရင်းအမြစ် Human Resources နဲ့ Man Power ဆုံးရှုံးနေကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။ အထူးသဖြင့် မသိနားမလည်သော အမျိုးသမီးငယ်များသည်လည်း လူကုန်ကူးခြင်းနဲ့ လိင်ကျွန်ပြုခြင်းများကိုလည်း ခံစားနေရပါတယ်။ မိဘပြည်သူများအတွက် ရင်နာဖွယ်ရာ၊ ဆုံးရှုံးဖွယ်ရာဖြစ်ရပ်များလည်း ဖြစ်ပါတယ်။ နိုင်ငံသားတိုင်း အခွန်ဆောင်ရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားလျက်ရှိပါတယ်။

ဝင်ငွေခွန်၊ အမြတ်ခွန်၊ လုပ်ငန်းမပြုနိုင်သောအခွန် ဆိုပြီးမှ နည်းဥပဒေများလည်း ပြဋ္ဌာန်း ထားပါတယ်။ ဒေသခံများ ဝင်ငွေများများ ဝင်နိုင်မှသာလျှင် တိုင်းပြည် နိုင်ငံ့ဘဏ္ဍာလည်း များစွာ တိုးတက်မှာပဲ ဖြစ်ပါတယ်။ ပူတာအိုခရိုင် အထင်ကရနေရာများဖြစ်၍ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘုရားများဖြစ်သော ကောင်းမှုလုံစေတီတော်မြတ်၊ ဆုတောင်းပြည့်စေတီတော်မြတ်၊ နတ်ကျောင်းနှင့် စေတီတော်မြတ်၊ ကျောက်နဂါး၊ ခါကာဘိုရာဇီ၊ ဖုံကန်ရာဇီနှင့် ကျေးလက်တောရွာ တောင်ခြေများတွင် တည်းခိုခန်း၊ ဟိုတယ်များ မရှိသောကြောင့် မိရိုးဖလာဒေသခံများ တည်းခိုရန် (Home Stay) ခွင့်ပြု သည်ဟု ယူဆခဲ့၍ တည်းခိုခဲ့ကြပါတယ်။ ပူတာအိုခရိုင်ရှိ ဒေသခံပြည်သူများသည်လည်း ခရီးသွား ဧည့်သည် အာဂန္တုများအား အထူးကြိုဆို၍ ပျူငှာဧည့်ဝတ်ကျေကြလျက်ရှိပါတယ်။ ယနေ့ထိ ဒေသခံ များမှ ခရီးသွားဧည့်သည်တော်များအား မှဲ့တစ်ပေါက် မစွန်းစေခဲ့ပါ။ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနဲ့ အိမ်ထောင်ဦးစီးများ တာဝန်ယူပါက (Home Stay)ကို ခွင့်ပြုသင့်တယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကြောင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) ပူတာအိုခရိုင်ရှိ အေးချမ်းမှုမရှိသော ဆွမ်ပရာဘွမ်မြို့နယ်မှလွဲ၍ ပူတာအိုမြို့ - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ ပြန်လည် လည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းကမ္ဘာလှည့်ခရီးသည်များ ဝေးလံ ခေါင်ဖျားသည့် တောင်တက်ခရီးစဥ်များ ဟိုတယ်၊ တည်းခိုခန်းများ မရှိသည့် ကျေးရွာများ၌ (Home Stay) နေအိမ်၌ တည်းခိုခွင့်ကို ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ စပ်လျဥ်းသော မေးခွန်းကို ဒေသခံများရဲ့

တင်ပြချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဖုန်ကန်ရာဇီတောင်ကမ်းပါးယံတစ်နေရာ မြင်ကွင်းပုံ (ည)



ခါကာဘိုရာဇီမှ စီးဆင်းသော စိမ့်စမ်းရေနှင့် တောင်တက်လမ်းကြမ်း တစ်နေရာ မြင်ကွင်းပုံ (ည-၁)



ပန်နန်းဒင်တံတား တစ်နေရာနှင့် ဒဟွမ်းဒမ်းကျေးရွာ မြင်ကွင်းပုံ (ည-၂)



**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မှ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ ကချင်ပြည်နယ် ပူတာအိုခရိုင်၊ ပူတာအို - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်းများ မရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့် (Home Stay)အား အထူးကိစ္စရပ်အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားရှိတဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုနဲ့ မချမ်းဘောမြို့နယ်များမှာ မြို့ပေါ်ခွင့်ပြု၊ မြို့ပြင်ခွင့်ပြုချက် တောင်းခံရန်နယ်မြေဖြစ်၍ နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များသည် ခွင့်ပြုချက်တောင်းခံရမည့် နယ်မြေများဖြစ်ပြီး ကန့်သတ်ချက်ရှိသော နယ်မြေဒေသစာရင်းများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ပထရ/ခ-၁(၀၆၅၂)/ဦး-၁ ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ ပေးပို့အကြောင်းကြားထားရှိပါတယ်။

ထို့အတူ နိုင်ငံတော်သမ္မတရုံးမှ ၂၀ - ၁၂ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၀(၄၃)/၇/ သမ္မတရုံးစာဖြင့် နောင်တွင် ကန့်သတ်နယ်မြေများသို့ သွားရောက်ခွင့်အား လုံးဝ(လုံးဝ) တင်ပြခြင်းမပြုရန် ညွှန်ကြားထားရှိပြီး ၎င်းအပြင် ၁၀ - ၁ - ၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၄၀၁(၉)/၁၁/ သမ္မတရုံးစာဖြင့် ကချင်ပြည်နယ်အတွင်း ခရီးသွားလာမှုများအတွက် လတ်တလော နယ်မြေလုံခြုံရေးအခြေအနေအရ ခွင့်ပြုနိုင်ခြင်းမရှိသည့်နေရာများနှင့် ကန့်သတ်ထားသောနယ်မြေများသို့ သွားလာမှုကို ခွင့်မပြုသင့်၍ သိရှိဆောင်ရွက်နိုင်ပါရန် ထပ်မံညွှန်ကြားထားရှိပါတယ်။

အဆိုပါ ညွှန်ကြားချက်များကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကန့်သတ်နယ်မြေများသို့ သွားရောက်မည့် ခရီးစဉ်များနှင့် စပ်လျဉ်း၍ သမ္မတရုံးညွှန်ကြားစာ ထုတ်ပြန်ထားရှိသည့်နေ့မှစ၍ ယနေ့ထိ ညွှန်ကြားချက်နှင့်အညီ တင်ပြလျှောက်ထားခြင်းမရှိဘဲ ရပ်ဆိုင်းထားခဲ့ပါတယ်။ အဆိုပါနယ်မြေများမှာ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပါက ကချင်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်များ၊ ခရီးလှည့်လည်ရေး

ကုမ္ပဏီများနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် ကန့်ကွက်ရန်မရှိပါသော်လည်း ခရီးစဉ်ဒေသ ရေရှည်ဖွံ့ဖြိုးရေးအတွက် နယ်မြေဒေသအခြေအနေအပေါ် မူတည်၍သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့် သော်လည်းကောင်း ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်းများ မရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့်(Home Stay)အား အထူးကိစ္စရပ်အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ တို့နှင့် စပ်လျဉ်း၍ ဥပဒေအသစ်ကို ၁၇-၉-၂၀၁၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေအသစ်တွင် ကော်မတီ(၃)ရပ် ဖွဲ့စည်းထားရှိပြီး ဒုတိယသမ္မတ(၂)ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ခရီးသွားလုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတို့ ပါဝင်ပါတယ်။ ၎င်းဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အားနည်းတဲ့ဒေသများမှာ နေအိမ်များ အပါအဝင်ဖြစ်တဲ့ ခရီးသည်တည်းခိုနိုင်ရန် နေရာများကို သတ်မှတ်ပေးခြင်းဆိုတဲ့တာဝန် သတ်မှတ်ချက်ပါရှိပြီး ဖြစ်ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားလာရာမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ၁၇-၉-၂၀၁၈ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ အခန်း (၇)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဠ)မှာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာ ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အားနည်းတဲ့ဒေသများမှာ နေအိမ်များ အပါအဝင်ဖြစ်တဲ့ ခရီးသည် တည်းခိုနေထိုင်ရာ နေရာများကို သတ်မှတ်ပေးခြင်းဟူ၍ ဖော်ပြပါရှိပါတယ်။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဝေးလံခေါင်ဖျားတဲ့ ခရီးစဉ်ဒေသများရှိ နေအိမ်များမှာ တည်းခိုခွင့် (Home Stay)ကို ၎င်းဗဟိုကော်မတီရဲ့ စီမံခန့်ခွဲမှုဖြင့်သာ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြဖြေကြားလာပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအို - မချမ်းဘော - နောင်မွန်း - ပန်နန်းဒင် - ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များလည်ပတ်ခွင့် ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပါက ကချင်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဟိုတယ်များ၊ ခရီးလှည့်လည်ရေးကုမ္ပဏီများနဲ့ ဒေသခံများရဲ့ လူမှုစီးပွားရေးဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်တဲ့အတွက် ကန့်ကွက်ရန်မရှိပါသော်လည်း ခရီးစဉ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသ အခြေအနေပေါ်မှာ မူတည်၍သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ မူဝါဒ လုပ်ထုံးလုပ်နည်းများနဲ့သော်လည်းကောင်း ဆောင်ရွက်သင့်ပါကြောင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ ဝေလံခေါင်ဖျားတဲ့ တောင်တက်ခရီးစဉ်များ၌ ဟိုတယ်၊ တည်းခိုခန်းများမရှိတဲ့ ကျေးရွာများမှာ၊ နေအိမ်များမှာ တည်းခိုခွင့် (Home Stay) အား အထူးကိစ္စတစ်ရပ်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးနိုင်ခြင်းမရှိဘဲ ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့်

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး သိရှိလိုတာများ ရှိရင်လည်း ဝန်ကြီးဌာနသို့ အချိန်မရွေး ဆက်သွယ်ဆွေးနွေး မေးမြန်းနိုင်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြည့်စွက် တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်လျက်ရှိသည့် ရုံးများ၊ အချုပ်ခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် ဖွဲ့စည်းပုံပြည့်ဝစေရန်၊ ဝန်ထမ်းဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်လျက်ရှိသည့် ရုံးများ၊ အချုပ်ခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် ဖွဲ့စည်းပုံပြည့်ဝစေရန်၊ ဝန်ထမ်းဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည့်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရရင် သံတောင်ကြီးမြို့နယ်ဟာ ၁၉၅၉ ခုနှစ်ကတည်းက အစိုးရရဲ့အုပ်ချုပ်မှု စတင်ခဲ့ပြီး လက်ရှိအုပ်ချုပ်မှုလုပ်ငန်းများ လည်ပတ်လျက်ရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ အခုအခါမှာ တိုးတက်များပြားလာတဲ့လူဦးရေအရလည်းကောင်း နိုင်ငံ့ဝန်ထမ်းများရဲ့ နိုင်ငံ့အကျိုးပြုမှုလုပ်ငန်းတွေ ချောမွေ့ထိရောက်စွာ လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းများရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အစိုးရက လမ်းညွှန် ဦးတည်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သံတောင်ကြီးမြို့နယ်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မြို့နယ်အုပ်ချုပ်မှု စတင်စဉ်ကတည်းက တည်ဆောက်ခဲ့တဲ့ ရုံးတွေ၊

ဝန်ထမ်းအိမ်ရာတွေ၊ အချုပ်ခန်းတွေ၊ တပ်ဖွဲ့ဝင်အင်အားတွေနဲ့သာ လုပ်ငန်းများကို ရပ်တည်ဆောင်ရွက်နေရကြောင်းနှင့် လိုအပ်ချက်များစွာရှိနေကြောင်းကို ၆-၁၁-၂၀၁၈ နဲ့ ၁၁-၁၁-၂၀၁၈ ရက်တွေမှာ သွားရောက်လေ့လာခဲ့တဲ့ မှတ်တမ်းအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ သံတောင်ကြီးမြို့နယ်ရုံးပါ အခုအချိန်ထိ ရုံးမရှိသေးပါဘူး။ သံတောင်ကြီး မြို့မရဲစခန်းနှင့်တွဲလျက် ရပ်တည်နေရပါတယ်။ ၂၀၁၆ ခုနှစ်တုန်းက တင်ပြတောင်းခံခဲ့ပေမယ့် ဘဏ္ဍာခွင့်ပြုချက် မရရှိခဲ့ပါဘူး။ မြို့နယ်ရုံးအပြင် ဝန်ထမ်းလိုင်းခန်း၊ လူပျိုလိုင်းခန်း၊ အရာရှိရိပ်သာ မရှိပါဘူး။ ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား(၁၇)ဦး ရှိရမယ့်အစား (၆)ဦးပဲရှိနေပါတယ်။ ဒါကတော့ သံတောင်ကြီး မြို့မရဲစခန်းမှာ စံချိန်မီဆောက်လုပ်ထားခြင်းမရှိ ပြင်းထန်တဲ့ရာသီဥတုဒဏ်ကြောင့်လည်းကောင်း ရုံးခန်းတွေဟာ လုံလောက်တဲ့ အကျယ်အဝန်းမရှိဘဲ လုံခြုံမှုနည်းပြီး ပျက်စီးယိုယွင်းလျက်ရှိတဲ့ အချုပ်ခန်းကျဉ်းနဲ့ တွဲလျက်ရှိနေပါတယ်။ လက်ရှိအခြေအနေမှာ ဟောင်းနွမ်းယိုယွင်းနေတဲ့ (၆)ခန်းတွဲ လိုင်းခန်း(၃)ခုရှိပြီး မြို့နယ်ရုံးမှ ဝန်ထမ်းများနဲ့ ပူးတွဲနေထိုင်နေပါတယ်။

ဖွဲ့စည်းပုံအရ ဝန်ထမ်း(၈၁)ဦးရှိရမယ့်အစား (၂၅)ဦးပဲရှိနေပါတယ်။ ဒါကတော့ သံတောင်နယ်မြေရဲစခန်း ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ ရုံးခန်းနဲ့ အချုပ်ခန်းကတော့ အသုံးပြုနိုင်ပါသေးတယ်။ ဒါပေမဲ့ အရာရှိရိပ်သာ လိုင်းခန်းတွေသာမက နေထိုင်ရန် မသင့်လျော်နေတဲ့ အနေအထားတွေ ဖြစ်နေပါတယ်။ ဖယ်ရှားဖျက်သိမ်းခွင့် အဆောက်အအုံ (၂)ခုသာ ရရှိထားသော်လည်း တကယ်တော့ အားလုံးလိုလိုဟာ ဖျက်သိမ်းဖယ်ရှားသင့်ပါတယ်။ ၂၀၀၈ ခုနှစ်က ဆောက်လုပ်ထားတဲ့ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၁)ခုပဲ ရှိပြီး အရာရှိရိပ်သာ၊ လူပျိုလိုင်းခန်းတွေ လိုအပ်လျက်ရှိပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အသက်အိုးအိမ် လုံခြုံမှုအတွက်လည်းကောင်း မှုခင်းများ ကျဆင်းရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ သံတောင်ကြီးမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်နေတဲ့ သံတောင်ကြီးမြို့နယ် ရုံး၊ အချုပ်ခန်း၊ ဝန်ထမ်းအိမ်ရာများကို ဘတ်ဂျက်ခွင့်ပြုချမှတ်ပေးနိုင်ရန်နှင့် ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းပေးနိုင်ဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သံတောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး မြင်ကွင်းပုံ (၄)



သံတောင်ကြီးမြို့မရဲစခန်းနှင့် ပူးတွဲနေထိုင်သော လိုင်းခန်း မြင်ကွင်းပုံ (၄-၁)



ပျက်စီးယိုယွင်းလျက်ရှိသော သံတောင်ရဲစခန်း လိုင်းခန်းများ မြင်ကွင်းပုံ (၄-၂)



**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ဝေန်မြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု(၁၉)အုပ်စု၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် သဲနုကုန်းကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ဝေန်မြစ် အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု(၁၉)အုပ်စု၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် သဲနုကုန်း ကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်းကို တင်ပြရမယ်ဆိုလို့ရှိရင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ငဝန်မြစ် အနောက်ဘက်ခြမ်းမှာ ကျေးရွာအုပ်စု (၁၉)အုပ်စုရှိပါတယ်။ အဲဒီ ကျေးရွာအုပ်စုတွေကတော့ မဲဇလီ၊ ယင်းဆယ်၊ ဒေါင့်ကြီး၊ ခတ္တူ၊ ဘိသလွန်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်း၊ ဘဲ့ပြားကုန်း၊ ပန်းတောကြီး၊ ချင်းကုန်း၊ သဲနုကုန်း၊ လှော်ကထား၊ မိုးကုတ်၊ လှည်းထောက်ကွင်း၊ ချင်းလယ်၊ ကွင်းကြီး၊ ကညင်တိုင်း၊ ဝတ်ကုန်း၊ ဝါးတောကွင်း စသဖြင့် (၁၉)အုပ်စုဖြစ်ပါတယ်။

အဲဒီ ကျေးရွာအုပ်စု(၁၉)အုပ်စုအတွင်းမှာ ကျေးရွာပေါင်း(၁၂၉)ရွာ ရှိပါတယ်။ လူဦးရေအားဖြင့် (၅၆၄၄၃)ဦး ရှိပြီးတော့ အဲဒီနယ်မြေကြီးတစ်ခုလုံးအတွက် သဲနုကုန်းကျေးရွာမှာ ရဲကင်းတစ်ခုတည်းသာရှိပြီး ရဲအရာရှိ(၁)ဦး၊ အခြားအဆင့်(၈)ဦး၊ ပေါင်းတပ်ဖွဲ့ဝင်(၉)ဦးက တာဝန်ယူထမ်းဆောင်နေတယ်လို့ သိရှိရပါတယ်။ လေးမျက်နှာမြို့နယ် အနောက်ဘက်ခြမ်းဟာ ရခိုင်ရိုးမတောနဲ့ထိစပ်နေတဲ့အတွက် ဒုစရိုက်မှုကျူးလွန်တဲ့သူတွေ ခိုအောင်းနေထိုင်တဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ တရားမဝင် မှောင်ခိုလုပ်ငန်းတွေ ရှိနေပါတယ်။ ပြစ်မှုကြီးများကျူးလွန်ပြီးတော့ ပြစ်ဒဏ်မှ လွတ်မြောက်လာသူတွေက ခြိမ်းခြောက်ရမ်းကားမှုတွေ ရှိနေပါတယ်။ သတင်းတစ်စုံတစ်ရာရရှိ၍ ပိတ်ဆို့ဖမ်းဆီးရန်အတွက်လည်းကောင်း၊ မှုခင်းကြီးငယ်ဖြစ်ပွား၍ ရဲအင်အား တောင်းဆိုရာတွင် လည်းကောင်း၊ တပ်ဖွဲ့ဝင်အင်အား လုံလောက်စွာမရှိတဲ့အတွက် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသလို ရဲကင်းမှာရှိတဲ့ အင်အားနည်းနေလို့ လှည့်ကင်းတွေ၊ ဝပ်ကင်းတွေ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကိုထိရောက်စွာ ဆောင်ရွက်မှု မလုပ်နိုင်ပါဘူး။

ကာယကံရှင်တွေက ၎င်းတို့ရဲ့ ထိခိုက်နစ်နာမှုတို့အတွက် အမှုဖွင့်တိုင်ကြားလို့ရှိရင်လည်း ရဲကင်းမှာအမှုဖွင့်လို့မရတဲ့အတွက် မိုင်(၄၀)ကျော်ကွာဝေးတဲ့ လေးမျက်နှာ မြို့မရဲစခန်းကို ကုန်းလမ်းခရီးဖြင့်သွားရောက်ရခြင်း၊ ငဝန်မြစ်ကိုဖြတ်ကူးပြီးတော့ ရေတစ်တန်၊ ကုန်းတစ်တန် သွားရောက်အမှုဖွင့်နေရခြင်းတို့ကြောင့် များစွာအခက်အခဲတွေ ရှိနေကြောင်းနဲ့ သဲနုကုန်း ရဲကင်းကို ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်လိုက်လို့ရှိရင်တော့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ အထိုက်အလျောက် ပြေလည်သွားမှာဖြစ်သလို ဒုစရိုက်မှုတွေ အမှုအခင်းများကိုလည်း အချိန်မီ ထိန်းချုပ်တားဆီးနိုင်မည်ဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်သူများက တင်ပြလာပါတယ်။

သို့ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ငဝန်မြစ်အနောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စု(၁၉)အုပ်စုရဲ့ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လက်ရှိ သဲနုကုန်း ရဲကင်းကို ရဲစခန်းအဆင့်အဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်လျက်ရှိတဲ့ရုံးများ၊ အချုပ်ခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ် ပေးရန်နှင့် ဖွဲ့စည်းပုံပြည့်ဝစေရန်၊ ဝန်ထမ်းများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ဦးစွာပထမ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊သံတောင် နယ်မြေရဲစခန်း၊ ဘောဂလိ နယ်မြေရဲစခန်း၊ လိပ်သို နယ်မြေရဲစခန်း၊ သပြေညွန့် နယ်မြေရဲစခန်း၊ ယာဒိုရဲကင်းစခန်းတို့ တည်ရှိပါတယ်။ သံတောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မရဲစခန်း တို့ဟာ သံတောင်ကြီးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မြေဧရိယာ(၂.၉၈၁)ဧကပေါ်မှာ တစ်ဆက်တည်း တည်ရှိပါတယ်။ သံတောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိ(၅)ဦး၊ အခြားအဆင့်(၃)ဦး၊ ဆေးဝန်ထမ်း (၂)ဦး၊ စုစုပေါင်း(၁၀)ဦး၊ မြို့မရဲစခန်းမှာ အရာရှိ(၇)ဦး၊ အခြားအဆင့်(၁၉)ဦး၊ စုစုပေါင်း(၂၆)ဦးတို့ဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၃၁ - ၁၂ - ၂၀၁၈ ရက်နေ့အထိ အမှုကြီး(၁)မှု၊ အခြားအမှု(၂၄)မှု၊ စုစုပေါင်း(၂၅)မှုဖြစ်ပွားခဲ့ပါတယ်။ သံတောင်ကြီး မြို့မရဲစခန်းရုံးရှိ ကျား အချုပ်ခန်း (၁)ခန်းနှင့် မ အချုပ်ခန်း(၁)ခန်းတို့အား မှုခင်းဖြစ်ပွားမှုအခြေအနေအရ ချုပ်နှောင်ရန် လုံလောက် သော်လည်း ရဲစခန်းရုံးမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် အကြီးစားပြင်ဆင်ရန် လိုအပ်လျက်ရှိပါတယ်။ ဝန်ထမ်းအိမ်ရာများအနေဖြင့်လည်း လုံးချင်းနေအိမ်(၁)လုံး၊ (၆)ခန်းတွဲ (၁)ထပ် (၃)လုံး စုစုပေါင်း အဆောက်အအုံ(၄)လုံးရှိ အခန်း(၁၉)ခန်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား (၆)ခန်းတွဲ (၁)ထပ် (၁)လုံး၏ အစွန်ခန်းမှာ ယာယီဖွင့်လှစ်ထားရှိခဲ့ပါတယ်။

လူနေထိုင်နိုင်တဲ့ အခန်းအရေအတွက် (၁၈)ခန်းရှိတဲ့အနက် အိမ်ထောင်သည် တပ်ဖွဲ့ဝင် (၁၆)ဦးမှ အခန်း(၁၆)ခန်း၊ အပျိုတပ်ဖွဲ့ဝင်(၃)ဦးမှ အခန်း(၁)ခန်း၊ လူပျိုတပ်ဖွဲ့ဝင်(၆)ဦးမှ အခန်း(၁)ခန်း တို့မှာ နေထိုင်လျက်ရှိပါတယ်။ ကျန် အိမ်ထောင်သည်တပ်ဖွဲ့ဝင်(၉)ဦးနဲ့ ဆေးဝန်ထမ်း(၂)ဦးတို့မှာ ပြင်ပမှာ ငှားရမ်းနေထိုင်လျက်ရှိပါတယ်။ သံတောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအား လူနေလိုင်းခန်းတွင် ယာယီဖွင့်လှစ်ထားရခြင်း တပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်း လုံလောက်မှုမရှိခြင်းတို့ကြောင့်

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (၁)ထပ် (၁)လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး နေအိမ်(၁)လုံး၊ (၆)ခန်းတွဲ (၂)ထပ် (၁)လုံး ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သံတောင်နယ်မြေရဲစခန်းဟာ သံတောင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ မြေဧရိယာ(၁၀.၆၉၇)ဧကပေါ်မှာ တည်ရှိပါတယ်။ သံတောင် နယ်မြေရဲစခန်းမှာ အရာရှိ(၄)ဦး၊ အခြားအဆင့်(၁၉)ဦး၊ စုစုပေါင်း(၂၃)ဦးဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၃၀-၁၁-၂၀၁၈ ရက်နေ့အထိ အမှုကြီး(၃)မှု၊ အခြားအမှု(၂၉)မှု စုစုပေါင်း(၃၂)မှု ဖြစ်ပွားခဲ့ပါတယ်။ သံတောင် နယ်မြေရဲစခန်းမှာ ရဲစခန်းရုံး(၁)ထပ် (၁)လုံး၊ လုံးချင်းနေအိမ်(၂)လုံး၊ (၂)ခန်းတွဲ(၁)ထပ် (၆)လုံး၊ (၆)ခန်းတွဲ(၁)ထပ် (၁)လုံး၊ စုစုပေါင်း အဆောက်အအုံ(၁၀)လုံးရှိ အခန်း(၂၀)တွင် အိမ်ထောင်သည်တပ်ဖွဲ့ဝင်(၁၃)ဦးမှ အခန်း(၁၃)ခန်း၊ အပျိုတပ်ဖွဲ့ဝင်(၁)ဦးမှ (၁)ခန်း၊ ကျန်လူပျိုတပ်ဖွဲ့ဝင်(၉)ဦးမှ လူနေအခန်း (၆)ခန်းတို့မှာ နေထိုင်လျက် ရှိပါတယ်။ နေအိမ်လိုင်းခန်းများနှင့် တပ်ဖွဲ့ဝင်အင်အား လုံလောက်မှုရှိသော်လည်း လုံးချင်းနေအိမ် (၂)လုံးနဲ့ (၂)ခန်းတွဲ (၆)လုံးတို့မှာ ပျက်စီးယိုယွင်းလျက်ရှိတဲ့အတွက် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးအား အစားထိုး ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အင်အားအနေဖြင့် ဖွဲ့စည်းပုံအင်အား၏ (၄၇.၈၄) ရာခိုင်နှုန်းရှိပြီး ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှာ ဖွဲ့စည်းပုံအင်အားရဲ့ (၃၈.၃၆)ရာခိုင်နှုန်း၊ သံတောင်ကြီး မြို့နယ်ရဲတပ်ဖွဲ့မှာ ဖွဲ့စည်းပုံအင်အားရဲ့ (၃၇.၇၆)ရာခိုင်နှုန်းတို့ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက် လျက်ရှိပါတယ်။ သံတောင်ကြီးမြို့နယ်မှာ တပ်နယ်ကိုအခြေခံ၍ နေထိုင်တဲ့ လူနေမှုစနစ်ရှိခြင်းကြောင့် မှုခင်းဖြစ်ပေါ်မှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၃၁ - ၁၂ - ၂၀၁၈ ရက်နေ့အထိ (၃)နှစ်အတွင်း အမှုကြီး (၄)မှု၊ အခြားအမှု(၅၅)မှု၊ စုစုပေါင်း(၅၉)မှုသာ ဖြစ်ပွားတဲ့အတွက် မှုခင်းဖြစ်ပွားမှု နည်းပါးသောမြို့နယ် ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်များအား အင်အားလိုအပ်ချက်အရ ဖြည့်တင်းပေးရာတွင် မှုခင်းဖြစ်ပွားမှု အခြေအနေ၊ တရားဥပဒေစိုးမိုးရေး လွှမ်းခြုံနိုင်မှုအခြေအနေ၊ နယ်မြေဒေသ လုံခြုံရေးအခြေအနေနှင့် လူဦးရေထူထပ်မှုတို့အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ အင်အားဖြည့်တင်းနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မြို့မရဲစခန်းရုံးမှာ ဟောင်းနွမ်းပျက်စီးလျက်ရှိသဖြင့် အကြီးစားပြန်လည်ပြုပြင်ရန် အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး (၁)ထပ်(၁)လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနေအိမ် (၁)ထပ်(၁)လုံး၊ (၆)ခန်းတွဲ(၂)ထပ်(၁)လုံးနှင့် သံတောင်နယ်မြေရဲစခန်းတွင် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးတို့အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလရန်ပုံငွေမှာ လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် သံတောင်ကြီး မြို့နယ်ဟာ မှုခင်းဖြစ်ပေါ်မှု နည်းပါးပေမယ့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း များကို ပိုမိုနိုင်နင်းစွာ ဆောင်ရွက်နိုင်အောင် ဘားအံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်(၁၀)ဦးအား ထုတ်နုတ်၍ မြို့မ ရဲစခန်းသို့ အင်အားဖြည့်တည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးထိန်ဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ဝေန်မြစ် အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု(၁၉)

အုပ်စုရဲ့ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် သဲနုကုန်းကျေးရွာရှိ ရဲကင်းစခန်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်(၃၉၉.၀၄)ဧကကျယ်ဝန်းပြီး မြောက်ဘက်မှာ အင်္ဂပူမြို့နယ်၊ အရှေ့ဘက်မှာ ဟင်္သာတမြို့နယ်၊ တောင်ဘက်မှာ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ် အနောက်ဘက်မှာ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်တို့ ထိစပ်လျက်ရှိပါတယ်။ လေးမျက်နှာမြို့နယ်မှာ မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်၊ ကျေးရွာ အုပ်စု (၄၃)အုပ်စု၊ ဝေန်မြို့ အရှေ့ဘက်မှာ (၂၂)အုပ်စုနဲ့ ဝေန်မြစ် အနောက်ဘက်မှာ (၂၁)အုပ်စု၊ ကျေးရွာ(၂၈၄)ရွာ၊ အိမ်ခြေ(၂၄၇၈၅)အိမ်၊ အိမ်ထောင်စု(၂၅၆၃၃)အုပ်စု၊ လူဦးရေ(၁၀၈၁၇၃)ဦး နေထိုင်လျက်ရှိပါတယ်။ လေးမျက်နှာ မြို့နယ်ရဲတပ်ဖွဲ့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လေးမျက်နှာ မြို့မရဲစခန်း၊ အိုင်သပြုရဲစခန်း၊ သဲနုကုန်းရဲကင်းရဲစခန်းတို့ ရှိပါတယ်။

ဝေန်မြစ် အနောက်ဘက်ခြမ်း ကျေးရွာအုပ်စု(၂၁)အုပ်စုမှာ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ခတ္တူကျေးရွာအုပ်စု၊ ကြီးပေါက်ကျေးရွာအုပ်စု၊ ဘိသလွန်ကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာအုပ်စု၊ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊ ပန်းတောကြီးကျေးရွာအုပ်စု၊ ကတက်ကုန်းကျေးရွာအုပ်စု၊ ဝါးတောကွင်းကျေးရွာအုပ်စု၊ စုစုပေါင်း(၉)အုပ်စုမှာ လေးမျက်နှာမြို့နယ် မြို့မရဲစခန်းအပိုင် နယ်မြေမှာပါဝင်ပြီး မယ်ဇလီကျေးရွာအုပ်စု၊ ယင်းဆယ်ကျေးရွာအုပ်စု၊ ခြောက်ဆယ်ကျေးရွာအုပ်စု စုစုပေါင်းအုပ်စု(၃)အုပ်စုမှာ အိုင်သပြုနယ်မြေရဲစခန်းမှာ ပါဝင်ပါတယ်။ ကျန်ရှိတဲ့ သဲနုကုန်းကျေးရွာအုပ်စု၊ ချင်းကုန်းကျေးရွာအုပ်စု၊ လှော်ကထားကျေးရွာအုပ်စု၊ မိုးကုတ်ကျေးရွာအုပ်စု၊ လှည်းထောက်ကွင်းကျေးရွာအုပ်စု၊ ချင်းလယ်ကျေးရွာအုပ်စု၊ ကညင်တိုင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စုနှင့် ဝတ်ကုန်းကျေးရွာအုပ်စု၊ စုစုပေါင်း အုပ်စု(၉)စုမှာ သဲနုကုန်း ရဲကင်းစခန်းအပိုင်နယ်မြေမှာ ပါဝင်လျက်ရှိပါတယ်။

လေးမျက်နှာမြို့နယ် သဲနုကုန်းရဲစခန်း အပိုင်နယ်မြေဟာ စတုရန်းမိုင်(၁၂၀)ကျယ်ဝန်းပြီး နယ်မြေအတွင်းမှာ ကျေးရွာ(၉)အုပ်စု၊ ကျေးရွာ(၇၁)ရွာ၊ လူနေအိမ်ခြေ(၆၇၆၀)အိမ်၊ အိမ်ထောင်စု(၇၀၇၇)စု၊ လူဦးရေ(၂၆၁၃၅)ဦး နေထိုင်လျက်ရှိပြီး အထက်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၃)ကျောင်း၊ မူလတန်းကျောင်း(၃၆)ကျောင်း၊ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း(၁)ခန်း ရှိပါတယ်။ သဲနုကုန်းရဲကင်းစခန်းမှာ လက်ရှိအရာရှိ(၁)ဦး၊ အခြားအဆင့်(၉)ဦး စုစုပေါင်း(၁၀)ဦးဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး မှုခင်းဖြစ်ပွားမှုအခြေအနေမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အမှုကြီး(၇)မှု၊ အခြားအမှု (၇၅)မှု၊ ကြိုတင်ကာကွယ်မှု (၁၂၄)မှု ဖြစ်ပွားခဲ့ပါတယ်။

သဲနုကုန်းရဲကင်းစခန်းနှင့် လေးမျက်နှာ မြို့မရဲစခန်းတို့ဟာ ယခင်က မော်တော်ကားလမ်းအရှည်မိုင် (၄၀)ကျော် ကွာဝေးပြီး ယခုအခါမှာ ဝေန်မြစ်ကူးတံတား တည်ဆောက်ပြီးစီး၍ မော်တော်ကားလမ်း (၁၃)မိုင်သာ ကွာဝေးပါတယ်။ သဲနုကုန်းရဲကင်းစခန်းဟာ ရဲကင်းအဆင့်ဖြစ်တဲ့အတွက် မှုခင်းဖြစ်ပွားမှုဟာ လေးမျက်နှာ မြို့မရဲစခန်းမှာ အမှုဖွင့် ဆောင်ရွက်ရပြီး ဒေသခံပြည်သူလူထုအနေဖြင့် တိုင်ကြားရန် ရှိတဲ့ အမှုတွေကို (၁၃)မိုင်ခန့် ကွာဝေးတဲ့ လေးမျက်နှာ မြို့မရဲစခန်းသို့ ကား၊ ဆိုင်ကယ်ဖြင့် ကျောက်ကြမ်းလမ်းမှ သွားလာနေရခြင်း မိုးကုတ်ကျေးရွာအုပ်စု၊ လှော်ကထားကျေးရွာအုပ်စုနှင့်

လှည်းထောက်ကွင်းကျေးရွာအုပ်စုတို့မှာ မိုးတွင်းကာလတွင် ရေမိုင်(၇)မိုင်ခန့် ကွာဝေးသော ရေလမ်းကြောင်းကို အသုံးပြု၍ သွားလာရခြင်းတို့ကြောင့် သွားလာရေး အခက်အခဲရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သဲနုကုန်း ရဲကင်းစခန်း အပိုင်နယ်မြေဟာ လေးမျက်နှာ မြို့မရဲစခန်းနှင့် အလှမ်းကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ မှုခင်းဖြစ်ပွားမှု အခြေအနေ အသင့်အတင့်ရှိခြင်း၊ လူဦးရေ အသင့်အတင့်ရှိခြင်း၊ ကျေးရွာအုပ်စု(၉) အုပ်စု ရှိခြင်းတို့ကြောင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရဲကင်းစခန်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိ လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာကြား ကျေးရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိ လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာကြား ကျေးရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ ဟားခါးမြို့နယ် လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာကြား ကျေးရွာချင်းဆက်ကားလမ်း ဖောက်ပေးဖို့ဖြစ်ပါတယ်။

လုံသာရ်ကျေးရွာဟာဆိုရင် အိမ်ခြေ(၁၂၀)၊ လူဦးရေအားဖြင့် (၆၅၀)ဦးခန့် ရှိတဲ့ရွာဖြစ်ပါတယ်။ ဒွမ်ဗားရွာကတော့ အိမ်ခြေ(၅၀)နှင့် လူဦးရေ(၂၇၀)ဦးခန့်ရှိတဲ့ရွာ ဖြစ်ပါတယ်။ ၎င်းတို့ကြားမှာ လူသွားလမ်းသာသာလောက်သာ ရှိပြီးတော့ ဆိုင်ကယ်သွား၍မရတဲ့ တောလမ်းသာသာပဲ ရှိပါတယ်။ လုံသာရ်ကျေးရွာအနေနဲ့ ဟားခါးမြို့ကနေ (၆၃)မိုင်ဝေးပြီးတော့ ဒွမ်ဗားကျေးရွာဟာဆိုရင် ဆူရ်ခွါးဘက်ကနေသွားမယ်ဆိုရင် (၇၄)မိုင်လောက် ရှိပါတယ်။ လုံသာရ်ဘက်ကနေသွားမယ်ဆိုရင် (၈၅)မိုင်ဝေးပါတယ်။ ဒါကြောင့်မို့လို့ ဆူရ်ခွါးကျေးရွာမှ ဒွမ်ဗားကျေးရွာဟာဆိုရင် (၂၄)မိုင်ဝေးသော်လည်းပဲ

အဲဒီလမ်းဟာဆိုရင် ကိုလိုနီခေတ်က အစိုးရပိုင်ဖြစ်တဲ့အတွက်ကြောင့် ကားလမ်းဖောက်မယ်ဆိုရင်တော့ ယခုထက် (၇)မိုင်၊ (၈)မိုင်လောက် ဝေးကွာသွားနိုင်ပါတယ်။ အတိအကျ ခန့်မှန်းလို့မရပါဘူး။

လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာများသည် ဟားခါးမြို့နယ် အရှေ့ပိုင်း မြေနိမ့်ပိုင်းမှာ ရှိတဲ့အတွက်ကြောင့် အပူပိုင်းဒေသထွက် အဖိုးတန်သစ်များဖြစ်တဲ့ အင်ကြင်း၊ အင်၊ ရှား၊ ကျွန်း၊ ပျဉ်းကတိုးနှင့် ဝါး၊ ကြိမ် အထွက်များတဲ့ဒေသလည်း ဖြစ်ပါတယ်။ ယခု ဈေးကောင်းရနေတဲ့ “ဝ”ဥ စိုက်ပျိုးရန် အလွန်ကောင်းတဲ့ဒေသလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် လုံသာရ်ကျေးရွာနှင့် (၂၂)မိုင်အကွာမှာရှိတဲ့ ဒွမ်ဗားကျေးရွာတို့ကို ဆက်သွယ်ပေးတဲ့ ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးပါက ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးများစွာ ဖြစ်ထွန်းမယ့်အတွက်ကြောင့် ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားသော မြေနီလမ်း (၆)မိုင်(၂)ဖာလုံကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားသော မြေနီလမ်း (၆)မိုင်(၂)ဖာလုံကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။　　။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းတဲ့ ပြည်သူများ သွားလာရေးအဆင်ပြေစေမယ့် မေးခွန်းတစ်ခုဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားသော မြေနီလမ်း (၆)မိုင်(၂)ဖာလုံကို ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာအုပ်စုဟာ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာအုပ်စု၊ ကော့ဒွတ်ကူးတို့ဆိပ်မှ ကပ္ပလီ ပင်လယ်ပြင်အတွင်း ရေမိုင်(၇)မိုင်ခန့်အကွာမှာ အရှေ့ - အနောက် အကျယ်(၂)မိုင်၊ တောင် - မြောက် အရှည်(၇)မိုင်ရှိသော ကျွန်း(၁)ကျွန်းဖြစ်ပါတယ်။ ကုလားကုတ်ကျွန်းဟာ ရေးမြို့နယ်၏ အကြီးဆုံးကျွန်း


ဖြစ်ပြီး ကုလားကုတ်ကျေးရွာအုပ်စုဖြင့် အောက်ဆိပ်ကျေးရွာ၊ အလယ်ဆိပ်ကျေးရွာ၊ အပေါ်ဆိပ်ကျေးရွာနှင့် ပသျှူးချောင်းကျေးရွာ စသည့် ကျေးရွာ(၄)ရွာတို့ဖြင့် စုဖွဲ့ထားပါတယ်။ လူနေထိုင်မှုအနေဖြင့် အောက်ဆိပ်ကျေးရွာမှာ အိမ်ခြေ(၅၀၁)အိမ်၊ လူဦးရေ(၂၄၂၇)ဦး၊ အလယ်ဆိပ်ကျေးရွာမှာ အိမ်ခြေ(၉၈)အိမ်၊ လူဦးရေ(၃၉၄)ဦး၊ အပေါ်ဆိပ်ကျေးရွာမှာ အိမ်ခြေ(၂၁၁)အိမ်၊ လူဦးရေ(၁၃၅၉)ဦး၊ ပသျှူးချောင်းကျေးရွာမှာ အိမ်ခြေ(၂၆၁)အိမ်၊ လူဦးရေ(၁၄၅၈)ဦး နေထိုင်ကြပါတယ်။

ဆက်သွယ်ရေးလမ်းကြောင်းအနေဖြင့် ကုလားကုတ်ကျေးရွာအုပ်စုဟာ ကပ္ပလီပင်လယ်ပြင်အတွင်း ကုလားကုတ်ကျွန်းပေါ်မှာ တည်ရှိတဲ့အတွက် ကော့ဒွတ်ကျေးရွာအုပ်စု၊ ကူးတို့ဆိပ်ကျေးရွာရှိ ကူးတို့ဆိပ်မှ စက်လှေငယ်များဖြင့်သာ သွားလာနိုင်ပြီး ရေမိုင်(၇)မိုင် ကွာဝေးသဖြင့် ရာသီဥတုကောင်းမွန်ချိန်မှာ အချိန်(၁)နာရီခန့် သွားလာရပြီး လှိုင်းလေပြင်းထန်ပါက ဆက်သွယ်သွားလာမရသည့် အခြေအနေရှိပါတယ်။ ကျွန်းပေါ်မှာတည်ရှိတဲ့ ကျေးရွာအချင်းချင်း ဆက်သွယ်သွားလာရာမှာ ရေလမ်းကြောင်းနှင့် တောင်ပေါ်မြေနီလမ်းကို အသုံးပြု၍ သွားလာကြရပါတယ်။ ကျေးရွာလူထုရဲ့ စုပေါင်းအားနဲ့ ဖောက်လုပ်ထားတဲ့ တောင်ပေါ်မြေနီလမ်းဟာ အချို့နေရာ၌ တောင်ကုန်းများကို ကျော်ဖြတ်၍ ဖောက်လုပ်ထားရသည့်အတွက် မြေနီလမ်းဟာ ညီညာချောမွေ့ခြင်းမရှိဘဲ ကားများ၊ မော်တော်ဆိုင်ကယ်များ သွားလာရန်ခက်ခဲပြီး အန္တရာယ်များရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါက ကုလားကုတ်ကျွန်းရဲ့ မြေပုံပါ။ ဒါ အလယ်ဆိပ်ကျေးရွာနဲ့ အောက်ဆိပ်ကျေးရွာကို ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒါက အပေါ်ဆိပ်ကျေးရွာနှင့် ပသျှူးချောင်းကျေးရွာကို ဆက်သွယ်တဲ့ကျေးရွာ (၂)ရွာဖြစ်ပါတယ်။ ဒါ ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ဒါ တောင်ကုန်းပေါ်ကို ကျော်ဖြတ်ပြီးတော့ ဖောက်လုပ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထို့ကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိတဲ့ ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေတဲ့ မြေနီကားလမ်း (၆)မိုင် (၂)ဖာလုံကို ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရန်အတွက် နှစ်စဉ်ရန်ပုံငွေ လျာထား သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ကုလားကုတ်ကျွန်း မြင်ကွင်းပုံ (၄)




အလယ်ဆိပ်ကျေးရွာနှင့် အောက်ဆိပ်ကျေးရွာ မြင်ကွင်းပုံ (၄-၁)



အပေါ်ဆိပ်ကျေးရွာနှင့် ပသျှူးချောင်းကျေးရွာ မြင်ကွင်းပုံ (၄-၂)




**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ ချင်းပြည်နယ်၊ ဟားခါး မြို့နယ်မှာရှိတဲ့ လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာကြား ကျေးရွာချင်းဆက် ကားလမ်းဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပေါင်းစပ် ပြီးတော့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကနေ ပြီးတော့ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ၂၀၁၈-၂၀၁၉ ခုနှစ် ပထမ(၆)လကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လ ကာလမှာလည်း ချင်းပြည်နယ်အတွင်းမှာ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ငွေကျပ်(၇၅၃၇.၀၁၄)သန်းကို ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နယ်မြေကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အချိန်မှာ ကျေးရွာချင်း

ဆက်လမ်းဟာ အရှည်(၁၁)မိုင် ရှိပါတယ်။ လူသွားလမ်းအဆင့်သာရှိတဲ့ လမ်းဖြစ်ကြောင်းကိုလည်း တွေ့ရှိရပြီးတော့ အကျိုးပြုနေတဲ့ ကျေးရွာ(၂)ရွာ၊ အိမ်ထောင်စု(၁၅၈)စု၊ လူဦးရေ(၇၉၀)ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းအတွက် ချင်းပြည်နယ်အစိုးရ၏ လိုအပ်ချက်နဲ့ ဖြစ်နိုင်ခြေအပေါ် ဆန်းစစ်ပြီးတော့ ဦးစားပေးအလိုက် ရန်ပုံငွေ စိစစ်ထောက်ခံ တင်ပြလာမယ်ဆိုရင် ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး (၅)နှစ်စီမံကိန်းမှာ သင့်တော်ရာ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ အပိုင်းအလိုက် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ဒုတိယမေးခွန်း ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားတဲ့ မြေနီလမ်း (၆)မိုင်(၂)ဖာလုံကို ရာသီမရွေး သွားလာနိုင်တဲ့ ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကုလားကုတ်ကျွန်းဟာ ရေးမြို့နယ်ကနေပြီးတော့ (၂၂)မိုင်ဝေးပါတယ်။ နောက်တစ်ခါ လမိုင်းမြို့၊ ကော့ဒွတ်ကူးတို့ဆိပ်ကနေပြီးတော့ ရေမိုင်(၇)မိုင် အကွာအဝေးရှိတယ်ဆိုတာလည်း သိရပါတယ်။ နောက်ပြီးတော့ ဒီကျွန်းရဲ့ အနေအထားက ၎င်းဒေသမှာရှိတဲ့ သဲအမျိုးအစားဟာ ရေငန်သဲဖြစ်ပါတယ်။ ရေငန်သဲဖြစ်ပြီးတော့ အချို့နေရာတွေမှာလည်း ကျောက်စရစ်အနည်းငယ်ရှိကြောင်းကိုလည်း ကျွန်တော်တို့ မြေပြင်စစ်ဆေးချက်အရ သိရပါတယ်။ ဒီကျွန်းကိုတော့ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ကုလားကုတ်ကျွန်းမှာရှိတဲ့ အောက်ဆိပ်၊ အလယ်ဆိပ်၊ အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားတဲ့ မြေနီလမ်း (၆)မိုင်(၂)ဖာလုံနဲ့ ကွန်ကရစ်လမ်း (၁)မိုင်ခင်းရန်အတွက် ရန်ပုံငွေ ချထားပေးခဲ့တယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါပေမဲ့ ချပေးခဲ့ပေမယ့်လည်း ဒီဥစ္စာကို ဆောင်ရွက်ပေးနိုင်မယ့် အဖွဲ့အစည်း၊ ကုမ္ပဏီလည်း မရှိတဲ့အတွက် ကျေးရွာဒေသခံများက ၎င်းတို့ အစီအစဉ်ဖြင့်သာ ဒေသထွက်ကျောက်စရစ်ကို အသုံးပြုဆောင်ရွက်ခဲ့ကြောင်းကိုလည်း သိရပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ ဒီလုပ်ငန်းကို သိရတဲ့အနေအထားကတော့ ဆောင်ရွက်နိုင်မယ့် အဖွဲ့အစည်း မရှိခြင်းဟာလည်း သွားလာရေးခက်ခဲပြီးတော့ ဆောက်လုပ်ရေးပစ္စည်း ဝယ်ယူသယ်ပို့ စရိတ်ကြီးမားခြင်း၊ ဌာနက သတ်မှတ်နှုန်းဖြင့် ဆောင်ရွက်၍မရနိုင်ခြင်း၊ ယာဉ်ယန္တရားများ သယ်ယူပို့ဆောင်ရန် အခက်အခဲတွေရှိတာကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာ ဝန်ကြီးဌာနရဲ့မူဝါဒကတော့ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်ပြီးတော့ ပြည်သူတွေ အသုံးပြုမှုများတဲ့ လမ်းတွေဖြစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပထမအဆင့်အနေနဲ့ ကျောက်လမ်းကို ဆောင်ရွက်ပေးပါတယ်။ ဒုတိယအဆင့်အနေနဲ့ ကတ္တရာအဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတုဆိုးရွားပြီးတော့ အထူးဦးစားပေးရမယ့် အရပ်ဒေသများမှာ ရာသီဥတုဒဏ်ခံနိုင်ရေးအတွက် ကွန်ကရစ်လမ်း တိုးချဲ့ဆောက်လုပ်ပေးရမည့်မူဝါဒဖြင့် လမ်းလုပ်ငန်းများကို ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းထားတဲ့ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့်အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားတဲ့ မြေနီလမ်းကို ကွန်ကရစ်လမ်းအဖြစ် လတ်တလော

ဆောင်ရွက်ပေးရန် အစီအစဉ် ကျွန်တော်တို့မှာ မရှိသေးပါဘူး။ ဒါပေမယ့်လည်း မွန်ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပြီး ဦးစားပေးအစီအစဉ်အလိုက် တင်ပြလာမယ်ဆိုရင် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယ(၅)နှစ်စီမံကိန်းတွင် ရန်ပုံငွေဝင်ဆံ့မှုအပေါ်မူတည်၍ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ဒီဥပဒေကြမ်းမှာပါတဲ့ အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ည)မှာ သင်တန်းကျောင်း ဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုတဲ့ စကားအစား ဒီနေရာလေးမှာ ကျွန်တော်က ကလေးသူငယ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုလိုသည် ဆိုပြီးတော့ ဒီလိုမျိုး ပြင်ချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီဥပဒေကြမ်းရဲ့ ကျွန်တော်တို့ အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)မှာ ပြထားတဲ့အပိုဒ်လေး ရှိပါတယ်။ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion)ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ် ချမှတ်ရမည့်အစား အကျင့်စာရိတ္တ ပြုပြင်ရေးဆိုတဲ့ စကားလုံးတွေပါနေလို့ ရှေ့နဲ့နောက်နဲ့ အပ်စပ်စေချင်တဲ့အတွက် ဒီဥစ္စာလေးကို ထည့်သွင်းလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကာယ၊ ဉာဏ၊ စာရိတ္တတို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုတဲ့ ဒီစကားလုံးလေးကို ထည့်ချင်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အခန်း(၇)၊ အပိုဒ် ၂၃ နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဒီအပိုဒ်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကတော့ အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်ဟူ၍ ဒီအတိုင်းလေးကိုပဲ ကျွန်တော်တို့က ထားချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် အသက်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းသတ်မှတ်ချက် နှင့်အညီ ဖြစ်စေရမည်။ ဒါလေးကတော့ ပြည်သူ့လွှတ်တော်နဲ့ မနီးပါဘူး။ ဒီနေရာလေးမှာတင် ပြည့်စုံ ပြီးသား။ တိုင်းရင်းသားလူမျိုးစုအသီးသီးမှာ သူတို့ရဲ့ ဓလေ့ထုံးတမ်းဥပဒေတွေရှိတယ်။ လက်ထပ်ထိမ်းမြားနိုင်တဲ့ အနေအထားမျိုးတွေ သူတို့တွေ ပြဋ္ဌာန်းထားပြီးသားပါ။ ကျွန်တော်တို့မှာလည်းပဲ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဆိုတာ ရှိပြီးသားဖြစ်ပါတယ်။ ဒီဥပဒေမှာဆိုလို့ရှိရင် အမျိုးသားနှင့် အမျိုးသမီး လက်ထပ်ထိမ်းမြားနိုင်တဲ့ အသက်အပိုင်းအခြားတွေ ပါရှိပြီးဖြစ်ပါတယ်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ ယောကျ်ားလေးနဲ့မိန်းကလေး ထိမ်းမြားလက်ထပ်မယ်ဆိုလို့ရှိရင် ယောကျ်ားလေးက အသက်မလိုဘူး။ အိမ်ထောင်ပြုနိုင်လောက်အောင် ခန္ဓာကိုယ်ဖွံ့ဖြိုးရမယ်၊ ထွားကျိုင်းရမယ်၊ သန်မာရမယ် ဆိုတဲ့အနေအထားမျိုးသာရှိပါတယ်။ အမျိုးသမီးမှာတော့ အသက်ကန့်သတ်ချက်ရှိပါတယ်။ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ မဟုတ်လို့ရှိရင် အပျိုဖြစ်မယ်ဆိုလို့ရှိရင်တော့ အသက်(၂၀)ပြည့်ရမယ်။ အသက်(၂၀)မပြည့်သေးရင် မိဘ သို့မဟုတ် အုပ်ထိန်းသူရဲ့ ခွင့်ပြုချက် ရ ရမယ်ဆိုတဲ့အချက်ကလေးတွေ ပါ ပါတယ်။ အဲဒီလို ပါထားပြီးသား ဓလေ့ထုံးတမ်းဟာ ရှိပြီးသားပါ။ ပြီးတော့ ဒီစာပိုဒ်မှာ ဆက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း၊ စာချုပ် ချုပ်ဆို၍ လက်ထပ်ခြင်း သို့မဟုတ် ကတိသစ္စာပြု၍ ထိမ်းမြားခြင်းပြုပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့်အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည် ဆိုတဲ့ဟာ ဒါ မလိုအပ်တော့ပါဘူး။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီဥပဒေကြမ်းရဲ့ အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ခ)မှာ ကလေးသူငယ်ဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသူကို ဆိုသည်ဟု ပါရှိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ကလေးသူငယ်အတွက် (၁၈)နှစ်အောက်ကို ကလေးသူငယ်လို့ သတ်မှတ်တယ်။ နောက် (၁၈)နှစ်ပြည့်ပြီး ဖြစ်ရမယ်ဆိုတဲ့ဟာတွေ ရှုပ်နေတဲ့အနေအထား မျိုးရှိတယ်။ (၁၈)နှစ်အောက်ပြောလိုက် (၁၈)နှစ်ပြည့်ပြီးပြောလိုက် ဒွိဟတွေဖြစ်နေပါတယ်။ အဲဒီတော့ ပဋိညာဉ်ဥပဒေမှာလည်းပဲ ကျွန်တော်တို့ ပဋိညာဉ်ပြုနိုင်သည့် အသက်အပိုင်းအခြားက (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ပါရှိပြီးသားပါ။

အခု ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ ဒီဥပဒေကြမ်းဟာ ကလေးသူငယ်နှင့် ပတ်သက်တဲ့ ဥပဒေကြမ်းဟာ အထူးဥပဒေဖြစ်နေတဲ့အတွက် ဒီ မြန်မာ့ဓလေ့ထုံးတမ်းအပါအဝင် အခြားသော တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းတွေကို လွှမ်းမိုးသွားမှာဖြစ်တယ်။ ဒီဥပဒေကြမ်းကသာ အတည်ဖြစ်သွားမယ်ဆိုလို့ရှိရင် ဒီ ဓလေ့ထုံးတမ်းတွေဟာ ကျွန်တော်တို့ ဘယ်လိုမှ အသုံးတည့်တော့မယ့် အနေအထားမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ သတ်မှတ်ပေးထားတဲ့ အမျိုးသားနှင့် အမျိုးသမီးတို့ ထိမ်းမြားလက်ထပ်နိုင်တဲ့အသက်ဟာ ၎င်းတို့ သက်ဆိုင်ရာ

တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်လို့ ပြဋ္ဌာန်းထားတာကို အတည်ပြုသင့်ပါကြောင်း ကျွန်တော် ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်း၏ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ ပါ အချက်များအား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။

အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့ မှတ်ပုံတင်ခွင့်ရှိသည်ဆိုသည့် စကားရပ်အစား နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် မွေးဖွားခြင်းကို ဥပဒေနှင့်အညီ အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ရသည့် အကြောင်းအရင်းကတော့ ဥပဒေကြမ်း၏ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)တွင် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန် ဆိုသည့်စကားရပ်အား ဥပဒေ၏ ရည်ရွယ်ချက်တွင် ထည့်သွင်းဖော်ပြပြီးဖြစ်ပါသဖြင့် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ စကားရပ်အား ပယ်ဖျက်သင့်ပါတယ်။ ကလေးသူငယ်၏ မွေးဖွားခြင်းအား မှတ်ပုံတင်ရာ၌ ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းသာ အဓိပ္ပာယ်ပိုမိုတိကျပြည့်စုံမှုရှိခြင်း၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရရှိခံစားနိုင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ စကားရပ်အား ဖြည့်စွက်သင့်ပါတယ်။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)တွင် ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ၊ မိဘ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူ တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည် ဆိုသည့်စကားရပ်အစား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင် ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရသည့် အကြောင်းအရင်းကတော့ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်းဖြစ်ရန် လိုအပ်ခြင်း၊ ဥပဒေရေးထုံးဆိုင်ရာ စကားရပ်များသည် တိကျမှုရှိရန် လိုအပ်ခြင်းတို့ကြောင့် ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။

သင့်လျော်သူ ဆိုသည့်စကားရပ်သည် တိကျမှုမရှိခြင်း၊ အဓိပ္ပာယ် ကျယ်ပြန့်လွန်းခြင်း၊ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ကို အဦးဆုံး အကြောင်းကြားသည့်ပုဂ္ဂိုလ်သည် မိမိတို့ မြန်မာ့လူ့ဘောင် အသိုက်အဝန်းတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူသာ ဖြစ်သင့်ခြင်းတို့ကြောင့် ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဃ)တွင် ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်းမရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့်မွေးစာရင်း သက်သေခံလက်မှတ်ပူးတွဲ၍ဖြစ်စေ၊ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏မိဘ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူ တစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှုမှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့် စကားရပ်အစား ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်းမရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့် မွေးစာရင်းသက်သေခံလက်မှတ် ပူးတွဲ၍ဖြစ်စေ၊ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှုမှတ်ပုံတင်ရမည်။ ထိုကလေး မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ပြင်ဆင်ဖြည့်စွက်ရသည့် အကြောင်းအရင်းကတော့ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်းဖြစ်ရန် လိုအပ်ခြင်း၊ ဥပဒေရေးထုံးဆိုင်ရာ စကားရပ်များသည် တိကျမှုရှိရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ သင့်လျော်သူ ဆိုသည့်စကားရပ်သည် တိကျမှုမရှိခြင်း၊ အဓိပ္ပာယ်ကျယ်ပြန့်လွန်းခြင်းကြောင့် ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ပါ ပုဒ်မ ၂၂ တွင် မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည် ဆိုသည့်စကားရပ်အစား ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ပြင်ဆင်ရသည့်အကြောင်းအရင်းကတော့ ဥပဒေရေးထုံးကျစ်လျစ်မှုရှိစေရန်လည်းကောင်း၊ မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ပါဝင်ပြီးဖြစ်၍လည်းကောင်း၊ မွေးဖွား

ကြောင်း မှတ်ပုံတင်သည့် စကားရပ်အား မလိုအပ်သဖြင့် ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အခန်း (၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ည)နဲ့ (ပ)၊ အခန်း (၁၇)၊ အပိုဒ် ၆၂၊ အပိုဒ်ခွဲငယ်(င)နဲ့ အခန်း (၂၂)၊ အပိုဒ် ၈၂၊ အပိုဒ်ခွဲငယ်(ခ) တို့အပေါ်မှာ ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။

အခန်း(၁)၊ အဓိပ္ပာယ်ဖော်ပြချက်များအခန်းမှာ အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ည)အနေနဲ့ သင်တန်းကျောင်း ဆိုသည်မှာနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပေါ်မှာ ဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ် အခွင့်အရေးများမှာ ပိုမိုပြည့်စုံသွားရန်အတွက် ဖြည့်စွက်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က သင်တန်းကျောင်း ဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် နှင့် ကလေးသူငယ်၏ ဖွံ့ဖြိုးရေးအစွမ်းအစကို မြှင့်တင်ပေးရန် တည်ထောင်ထားသော သင်တန်းကျောင်း ကို ဆိုလိုသည်လို့ ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု။ အပိုဒ်ခွဲငယ်(ပ)မှာ ခွဲခြားဆက်ဆံခြင်းနဲ့ ပတ်သက်လို့ ဘဝပေးအခြေအနေအရ ဖြစ်တည်လာတဲ့ ကလေးသူငယ်ရဲ့ စိတ်ပိုင်းဆိုင်ရာ အနေအထားတစ်ရပ်ကို အကြောင်းပြုပြီးတော့မှ ခွဲခြားဆက်ဆံခြင်းကြောင့် ကလေးသူငယ်ရဲ့ ဖွံ့ဖြိုးမှုကို အဟန့်အတားမဖြစ်စေရန်အတွက် ခွဲခြား ဆက်ဆံခြင်း ဆိုသည်မှာ ဆိုတဲ့အပိုဒ်ကို အဓိပ္ပာယ်ဖော်ပြရာမှာ ခွဲခြားဆက်ဆံခြင်း ဆိုသည်မှာ ဆိုတဲ့ နေရာမှာ အမျိုးသား၊ အမျိုးသမီးအပြင် လိင်စိတ် ဖြစ်တည်မှု ဆိုတဲ့စာသားလေးကိုပါ ထပ်ဆင့်ပြီးတော့ ဖြည့်စွက်ပြီးတော့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု။ အခန်း(၁၇)၊ ကလေးသူငယ်နဲ့ လက်နက်ကိုင်ပဋိပက္ခ ဆိုတဲ့အခန်းမှာ အပိုဒ် ၆၂၊ အပိုဒ်ခွဲငယ်(င)ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပေါ်မှာ ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်နက်ကိုင်ပဋိပက္ခအတွင်းမှာရှိနေတဲ့ ကလေးသူငယ်များရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း ဖွံ့ဖြိုးမှုကို အကာအကွယ်ဖြစ်ဖို့ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခအတွင်းမှာရှိတဲ့ ကလေးသူငယ် များ စိတ်ပိုင်းဆိုင်ရာ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုတွေ မဖြစ်စေဖို့အတွက် အပိုဒ်ခွဲငယ်(င)ကို ကျောင်း သို့မဟုတ် ကလေးသူငယ်များ တက်ရောက်ကုသသည့် ဆေးရုံများကို တိုက်ခိုက်ခြင်း၊ အသုံးပြုခြင်း ဆိုပြီးတော့ ဖြည့်စွက်ပြီးတော့မှ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု။ အခန်း (၂၂)၊ ကလေးသူငယ်တရားစီရင်ရေး ဆိုတဲ့အခန်းမှာ အပိုဒ် ၈၂၊ အပိုဒ်ခွဲငယ်(ခ)ကို ကလေးသူငယ်များရဲ့ မှုခင်းသတင်းအချက်အလက်များနှင့် ပတ်သက်၍ ထုတ်လုပ်ဖြန့်ချိတဲ့အခါမှာ ကလေးသူငယ်များရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်၊ အဟန့်အတားမဖြစ်စေရန် လူ့အဖွဲ့အစည်းအတွင်းမှာ ကလေးသူငယ်များရဲ့ ဘဝတစ်လျှောက်လုံး ဝင်ဆံ့မှုအတွက် အဟန့်အတား မဖြစ်စေရန်အတွက် အပိုဒ်ခွဲငယ်(ခ)ကို ကလေးသူငယ်ရဲ့အကျိုး၊ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်းအချက်အလက် ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များ၊ လူမှုဆက်သွယ်ရေးနည်းလမ်းများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း မပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားများအား တရားခွင်အတွင်း ဝင်ရောက်ခွင့်မပြုရ ဆိုတဲ့ဟာကို ဖြည့်စွက်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့မှ အခန်း (၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (ဖ)မှ အခန်း (၇)၊ အပိုဒ် ၂၃၊ အခန်း (၂၁)၊ အပိုဒ် ၇၅ (က)၊ (ခ) နဲ့ပတ်သက်ပြီးတော့မှ ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်မကို Power Point သုံးစွဲခွင့်ပြုပါရှင်။

အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)မှာဆိုရင် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွား ဆိုသည် ဆိုတဲ့အခါမှာ ကျွန်မအနေနဲ့ မင်နီနဲ့ပြထားတဲ့ ကလေးသူငယ်၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင်၊ ဆုံးဖြတ်ရာတွင်၊ စီမံရာတွင် အခြားအကျိုးစီးပွားနှင့် ယှဉ်လာပါက ကလေးသူငယ်၏ အကျိုးစီးပွားကို အဓိကဦးစားပေးဆောင်ရွက်ခြင်းကို ဆိုလိုပါသည်ဟု ကျွန်မ ပြင်ချင်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကိုးကြောင်းဖော်ပြချက်က ကျွန်မအနေနဲ့ ဒီဥပဒေရဲ့ အခန်း(၂)၊ ရည်ရွယ်ချက်များမှာပါတဲ့ဟာတွေကို ကိုးကားပြီးတော့လည်းကောင်း၊ ကျွန်မတို့ ကလေးသူငယ်အရေးဆိုင်ရာ ဆောင်ရွက်နေတဲ့ ပညာရှင်များ၊ NGO အဖွဲ့အစည်းများနှင့် သူတို့ရဲ့သုံးသပ်ချက်တွေပေါ်မှာ မူတည်ပြီးတော့လည်းကောင်း၊ ကျွန်မရဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဆိုတာ ကလေးသူငယ် အခွင့်အရေးအခြေခံကို ဒါကတော့ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ Convention ပါ။ Convention မှာ အတိအကျ ဖော်ပြထားပါတယ်။

ဒီဥပဒေရဲ့ ရည်ရွယ်ချက်(၁)ကလည်း ဒီ Convention ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို့ ပြောထားတဲ့အတွက်ကြောင့်မို့လို့ အရေးအကြီးဆုံးအချက်လည်း ဖြစ်တဲ့အတွက် တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ဖော်ပြပေးဖို့ လိုပါတယ်။ အဲဒီတော့ ဒီမှာဖော်ပြထားတဲ့အတိုင်း ကျွန်မအနေ

နဲ့တော့ ဒီမှာ ရေးထားပါတယ်။ ကျွန်မ အချိန်ကြောင့် အဓိကအချက်လေးကိုပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ အကျိုးစီးပွားချင်းတိုက်ဆိုင်တဲ့အခါမှာ ကျွန်မတို့က ကလေးသူငယ်ရဲ့အကျိုးစီးပွားကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် တစ်ခါတလေကျရင် ကျွန်မတို့တွေရဲ့ တည်ဆဲဥပဒေတွေ မူဝါဒအချင်းချင်း တိုက်ဆိုင်မှုရှိလာတဲ့အခါတွေမှာ၊ ဓလေ့ထုံးတမ်းဥပဒေတွေ၊ အလုပ်သမားဥပဒေတွေ၊ ရာဇသတ်ကြီးပုဒ်မတွေနဲ့ ဒီကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကို ယှဉ်လာတဲ့အခါမှာ၊ ယှဉ်တွဲဆုံးဖြတ်ရတဲ့အခါမှာ ဒီဥပဒေသည် အထူးဥပဒေဖြစ်တဲ့အတွက် ကျွန်မတို့က ဒီဟာတွေကိုကလေးသူငယ်ရဲ့ အကောင်းဆုံးအကျိုးစီးပွားအတွက်ကို ထည့်သွင်းစဉ်းစားဖို့ အရေးကြီးပါတယ်။

ဒါကတော့ ဥပမာ ကျွန်မတို့ ကလေးတွေကို မိဘတွေကလည်း ရိုက်တယ်။ အုပ်ထိန်းသူတွေ ရိုက်တယ်။ ဆရာ၊ ဆရာမတွေလည်း ကျင့်သုံးတယ်။ ဒါဟာ လုံးဝ Practice လုပ်ရမယ့်အကျင့်တွေ မဟုတ်ပါဘူးဆိုတာကို ကျွန်မတို့အားလုံး လက်ခံထားပါတယ်။ အခု ပညာရေးမူဝါဒတွေမှာ ကလေးတွေကို ရိုက်နှက်ခြင်း လုံးဝမရှိတော့ပါဘူး။ အဲဒီအတွက် ကျွန်မတို့ နောက်ကပြဋ္ဌာန်းထားတဲ့ ဥပဒေတွေမှာလည်း၊ ဥပဒေအပိုဒ်တွေမှာလည်း ဒီဟာနဲ့ ပတ်သက်ပြီးတော့မှ ရှင်းလင်းထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ရှေ့နောက်လည်း ညီဖို့လိုပါတယ်။ တစ်ခါတလေကျလို့ရှိရင် ကျွန်မတို့ အန္တရာယ်ရှိတဲ့ ဓလေ့ထုံးတမ်းတွေကို မကျော်လွှန်နိုင်ဘူးပေါ့နော်။ နောက်တစ်ခါမှာ ပြောင်းလဲဖို့ ဝန်လေးတယ်။ ပြောင်းလဲဖို့ ကြိုးစားတဲ့အခါမှာ မိမိရဲ့ကိုယ်ကျိုးစီးပွားကို ထိခိုက်မှာကိုစိုးရိမ်တဲ့ စတဲ့အဖြစ်အပျက်တွေကြောင့်လည်း အကျိုးစီးပွားကို ယှဉ်လာမယ်ဆိုရင် ကလေးတွေရဲ့ အကျိုးစီးပွားကိုပဲ ရှေးရှုသင့်ပါတယ်။

အပိုဒ် ၃(ဖ)မှာဆိုရင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား ထိခိုက်ဒဏ်ရာရစေသော အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆိုသည်လို့ ကျွန်မအနေနဲ့ ပြင်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကလည်း မူလဥပဒေကြမ်းပါ ပုဒ်မ ၅၇၊ ပြည်သူ့လွှတ်တော်က တင်ပြထားတဲ့ ပုဒ်မ ၅၆၊ တစ်ခါ ကျွန်မတို့ မူရင်းဥပဒေ ပုဒ်မ ၆၇၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့ ပုဒ်မ ၆၉ တို့မှာ ဆိုလို့ရှိရင် ပြဋ္ဌာန်းချက်တွေမှာ အဲဒီပြဋ္ဌာန်းချက်ကို အပြည့်အဝ အထောက်အပံ့ဖြစ်စေဖို့ ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက ဘာလဲဆိုတာကို အဲဒီဥပဒေမှာ ဖော်ပြထားတယ်။

နောက်တစ်ခါ ကျွန်မတို့ ကျူးလွန်သူတွေကို ဥပဒေကြမ်းရဲ့ အခန်း (၂၇) ပါ ပြစ်မှု ပြစ်ဒဏ်အနေနဲ့လည်း ထိထိရောက်ရောက် အရေးယူနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ အဲဒီအပြင် ပုဒ်မ ၅၆ မှာဆိုရင် ဘာပြောထားလဲဆိုလို့ရှိရင် မည်သူမျှ ကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဖြစ်စေ မပြုလုပ်ရလို့ တင်ပြ၊ ပြောပြထားပါတယ်။ တစ်ခါ လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၇ ခုနှစ်မှာ ထုတ်ဝေတဲ့ အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး စီမံချက်မှာလည်း ဒီရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကိုလည်း နည်းဥပဒေမှာ ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ အဲဒါတွေနဲ့လည်း ကိုက်ညီဖို့အတွက် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

အပိုဒ် ၃(မ)မှာဆိုရင် လျစ်လျူရှုခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ ပညာရေးတို့အတွက်ဆိုတာ ထည့်သွင်းချင်ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မတို့ လျစ်လျူရှုတဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နောက်တစ်ခါမှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး ဒါတွေကို ထည့်သွင်းစဉ်းစားဖို့ ဆိုပြီးတော့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ညီမျှခြင်း မြန်မာတို့ရဲ့ ၂၀၁၇ ခုနှစ်က ထုတ်ဝေတဲ့ အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမှာ ဖော်ပြထားတာဖြစ်ပါတယ်။

အပိုဒ် ၂၃ ကိုတော့ ကျွန်မအနေနဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးတို့ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် (၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည်လို့ ပြင်ချင်ပါတယ်။ ဒါကတော့ ကျွန်မ ခုနက ပြောသလိုပဲ အခွင့်အရေး ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်တွေမှာ (က)၊ (ခ)၊ (ဂ)တွေမှာဆိုလို့ရှိရင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ Convention ပါ ကလေးသူငယ်၏ အခွင့်အရေးကို အကောင်အထည်ဖော်ဖို့၊ ကလေးသူငယ်တွေရဲ့ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်နိုင်ဖို့နဲ့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကို ဥပဒေနှင့်အညီ ပြင်ဆင်နိုင်ဖို့ဆိုတဲ့ ရရှိနိုင်၊ ကာကွယ်ခံစားနိုင်ဖို့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့က ဒီဥပဒေကို ထည့်ကို ထည့်ရမှာ။ ဒီဥပဒေကို မထည့်ဘူး ဆိုလို့ရှိရင် ကျွန်မတို့က ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ရာ မရောက်ပါဘူး။

အဲဒီအပြင် ကျွန်မတို့က အရှေ့က ကိုယ်စားလှယ်ကြီးလည်း ဆွေးနွေးသွားတဲ့အတွက် ဒါသည် အထူးဥပဒေ ဖြစ်ပါတယ်။ ကျွန်မတို့သည် အခု ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို သွားတဲ့အခါမှာ ဘယ်ဒေသမှာမဆိုရှိတဲ့ ကလေးတွေအားလုံးဟာ တန်းတူအခွင့်အရေးရဖို့ အရေးကြီးပါတယ်။ ဒါဟာ ကျွန်မတို့ ဥပဒေပြုသူတွေရဲ့ အရေးကြီးဆုံး ဒါ ဥပဒေပြုဌာန်းရမယ့်အချက် ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ၊ မည်သူ့ကိုမှ ဥပဒေမှာ ခွဲခြားထားလို့ မရပါဘူး။ Harmful ဖြစ်စေတဲ့ Practice တွေ၊ ဓလေ့ထုံးတမ်းတွေကို ကျွန်မတို့က ပြုပြင်သင့်ရင် ပြုပြင်ရမှာဖြစ်ပါတယ်။ ဒါ အားလုံးလည်း ကိုယ်စားလှယ်တော်ကြီးတွေ အားလုံးလည်း နားလည်ပြီးသားဖြစ်မှာပါ။ ကျွန်မတို့က လက်တွေ့မကျတဲ့၊ ခေတ်နဲ့မညီတော့တဲ့ ဓလေ့ထုံးတမ်းတွေကို ပြုပြင်ရမှာ ကျွန်မတို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ဒါကို ပြင်ချင်ပါတယ်။

အပိုဒ် ၇၅(က)၊ အသက်(၁၂)နှစ် မပြည့်သေးသော ကလေးသူငယ်ရဲ့ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရလို့ ပြင်ချင်ပါတယ်။ နောက် (ခ) ကိုတော့ ပယ်ဖျက်ချင်ပါတယ်။ ဒီမှာ ကျိုးကြောင်းဖော်ပြချက်မှာလည်း ကျွန်မ ကျန်းမာရေးဆိုင်ရာရှုထောင့် အများကြီးပေါ့။ ဒါတွေ ကျွန်မတို့ လိုအပ်ပါတယ်။ ကျန်းမာရေးဆိုင်ရာရှုထောင့်၊ အဲဒီတော့ ကျွန်မတို့ ကလေးတစ်ယောက်ကို ဆိုလို့ရှိရင် စိတ်ပညာရှုထောင့်အရ (၁၂)နှစ်အောက် ကလေးတွေဟာ အသိဉာဏ် - - - - - - - - - - - -

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၉။**

**ဗိုလ်မှူးကျော်ဖြိုးဝင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၏ အခန်း(၈)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ ပါ အချက်များအား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အခန်း(၈)၊ ပုဒ်မ ၂၆ တွင် မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည် ဆိုသည့်စကားရပ်အစား မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ဥပဒေနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ရတဲ့ အကြောင်းအရင်းကတော့ မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်ကို မွေးစားရာတွင် ဥပဒေနှင့်အညီ မွေးစားခြင်းသာ အဓိပ္ပာယ်ပိုမိုတိကျ ပြည့်စုံမှုရှိခြင်း၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရရှိခံစားနိုင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းတို့ကြောင့် ဒီ ဥပဒေနှင့်အညီ စကားရပ်အား ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၇ တွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၊ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိ အသီးသီးကို မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိအဖြစ် တာဝန်ပေးနိုင်ပါသည်။ ဤဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၇ နှင့် အခန်း(၁)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(အ-၂)တွင် မွေးဖွားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိကို ခရိုင်ရုံးမှ ဝန်ထမ်းအရာရှိဟု သတ်မှတ်ထားသော်လည်း အခန်း(၅)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)တွင် အပိုဒ် ၁၁ အရ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကိုဖြစ်စေ တာဝန်ပေးနိုင်သည်ဟုလည်းကောင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့တွင် ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ မှတ်ပုံတင်မွေးစားနိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရာ အဆိုပါ အရာရှိသည် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)အရ သတ်မှတ်ဝန်ထမ်းမဟုတ်ဘဲ နိုင်ငံသားတစ်ဦးကို တာဝန်ပေးအပ်နိုင်သဖြင့် နိုင်ငံသားမဟုတ်သည့် မိဘနှစ်ပါးမှ မွေးဖွားလာသည့် ကလေးသူငယ်ကို မွေးစားခြင်းဖြင့် နိုင်ငံအတွင်းသို့ ခေါ်ဆောင်နိုင်ခြင်း၊ မွေးစားခြင်းဖြင့် ဘာသာပြောင်းလဲမှု ဖြစ်ပေါ်

နိုင်ခြင်း၊ နိုင်ငံတော်၏ပကတိအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးကို ထိပါးနိုင်စေခြင်းတို့ကြောင့် မွေးစားခံရသည့် ကလေးသူငယ်နှင့် မွေးစားသူသည် နိုင်ငံသား ဟုတ်/မဟုတ် စိစစ်ရန်နှင့် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် မွေးစားခြင်းမှတ်ပုံတင် အရာရှိတာဝန်နှင့် အပိုဒ် ၅၉၊ အပိုဒ်ခွဲ(ခ)အရ လူမှုဝန်ထမ်းအရာရှိတာဝန်ကို လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီ ပါဝင်သောအဖွဲ့ဖြင့် စိစစ်လက်ခံ၍ တာဝန်ပေးအပ်ရန် လိုပါတယ်။ သို့ဖြစ်၍ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)အရ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကို တာဝန်ပေးနိုင်သည် ဆိုသည့်စာသားအား ပယ်ဖျက်ရန်နှင့် အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၉၊ အပိုဒ်ခွဲ (ခ)အရ လူမှုဝန်ထမ်းအရာရှိတာဝန်များကို တာဝန်ထမ်းဆောင်သူအစား လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီ ပါဝင်သောအဖွဲ့ဖြင့် ဖြည့်စွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က)တွင် မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်အစား မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာအဖွဲ့ထံ ဥပဒေနှင့်အညီ လျှောက်ထားနိုင်သည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ရသည့် အကြောင်းအရင်းကတော့ မြန်မာနိုင်ငံသားတစ်ဦးသည် ကလေးသူငယ်ကို မွေးစားရာတွင် ဥပဒေနှင့်အညီ မွေးစားခြင်းသာ အဓိပ္ပာယ်ပိုမိုတိကျပြည့်စုံမှုရှိခြင်း၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရရှိခံစားနိုင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ စကားရပ်အား ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

ကျွန်မ ဆွေးနွေးလိုတဲ့ ပုဒ်မတွေ ကတော့ ဒီ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေမှာ အခန်း(၁)၊ ပုဒ်မ ၃(ဃ)၊ (ပ)၊ (ဖ)၊ (ဗ)၊ (မ)နဲ့ အခန်း(၇)၊ ပုဒ်မ ၂၃ နဲ့ အခန်း(၂၁)၊ ပုဒ်မ ၇၅ တို့ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဤကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်း၏ ရည်ရွယ်ချက်မှာ

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ Convention မှာ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်တယ်လို့ ဖော်ပြထားပါတယ်ရှင်။ ကျွန်မတို့ အခန်း(၁)၊ ပုဒ်မ ၃(ဃ)မှာ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဆိုသည်မှာ ဆိုတဲ့နောက်မှာ ထို့ပြင် ကလေးသူငယ်၏ အရေးကိစ္စများ စီမံဆောင်ရွက်ရာတွင် အခြားအကျိုးစီးပွားနှင့်ယှဉ်ပါက ကလေးသူငယ်၏ အကျိုးစီးပွားကို အဓိက ဦးစားပေးဆောင်ရွက်ရမည် ဆိုသောစကားကို ကျွန်မ ထပ်မံဖြည့်စွက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုလက်ရှိ လူမှုပတ်ဝန်းကျင်တွေမှာ ကလေးသူငယ်တွေဟာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရတဲ့အခါမှာ လူကြီးတွေက အခကြေးငွေတွေနဲ့ ကျေအေးပြီးတော့ဆောင်ရွက်တဲ့ အခြားအကြောင်းပြချက်တွေနဲ့ ဆောင်ရွက်ပြီးတော့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးတွေကို အပြည့်အဝ အကာအကွယ်ပေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့၊ ကျွန်မတို့ဟာ ကလေးတွေရဲ့ အခွင့်အရေးကို အပြည့်အဝ အကာအကွယ်ပေးစေချင်တဲ့အတွက်ကြောင့်မို့လို့ ဒါ ထပ်မံဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ပုဒ်မ ၃(ပ)မှာ ခွဲခြားဆက်ဆံခြင်းဆိုတဲ့ အဓိပ္ပာယ်နောက်မှာလည်း ဒါ လိင်ပိုင်းဆိုင်ရာ စိတ်ပေါ်မူတည်၍ ဆိုတဲ့ စကားလုံးကို ထပ်မံ ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၃(ဖ)မှာလည်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် အမှု ဆိုတဲ့ အဓိပ္ပာယ်နောက်မှာလည်း ကျွန်မတို့က အပြင်းအထန်ဆိုတဲ့ စကားလုံးကို ဖြုတ်ပြီးတော့ ကလေးသူငယ်ရဲ့ နာကျင်စေသောဟု အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ဆိုသည် ဆိုတာကို ပြင်ဆင်ချင်ပါတယ်။ အပြင်းအထန်ဆိုတဲ့ စကားလုံးကို ဖြုတ်တယ်ဆိုတာ ကျွန်မတို့က ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်မယ်ဆိုလို့ရှိရင် ဒါဟာ ပြင်းထန်သလား၊ မပြင်းထန်သလား ကျွန်မတို့က ခွဲခြားဆက်ဆံ စိစစ်နေစရာမလိုပါဘူး။ ရှင်းရှင်းလင်းလင်း ကျွန်မတို့ ဥပဒေတွေကို နားလည်သဘောပေါက်ဖို့အတွက်ကို အပြင်းအထန်ဆိုတဲ့ စကားလုံးကို ဖြုတ်ချင်ပါတယ်ရှင်။

ဆက်လက်ပြီးတော့ ပုဒ်မ ၃(ဗ)မှာလည်း အလွဲသုံးခြင်း ဆိုတဲ့ စကားလုံးကို ကျွန်မတို့က လွဲမှားစွာ ပြုမူခြင်းလို့ ပြင်ဆင်ရန် လိုအပ်ပြီးတော့ ဒီစကားလုံးဟာ ဥပဒေတစ်ခုလုံးမှာ (၇)ကြိမ်လောက်ထိ ပါနေပါတယ်။ ဒါကြောင့် ဒီစကားလုံးကို အလွဲသုံးခြင်း၊ လွဲမှားစွာ အသုံးပြုခြင်းဆိုတာကိုလည်း ဘာလဲဆိုတာကို အဓိပ္ပာယ်သီးသန့် ထပ်ပြီးတော့ ဖြည့်စွက်ပေးဖို့ လိုပါတယ်။

ထပ်ပြီးတော့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှေ့မှာလည်း ကိုယ်စားလှယ်တော်များဟာ ကိုယ့်ရဲ့ ရှုထောင့်တွေကနေ ကြည့်ပြီးတော့ အခန်း(၇)၊ ပုဒ်မ ၂၃ နဲ့ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လည်း ဆွေးနွေးပါတယ်။ ကျွန်မအနေနဲ့ကတော့ အမျိုးသား၊ အမျိုးသမီးတို့၏ လက်ထပ်နိုင်တဲ့ အသက်ဟာ (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ကျွန်မက ပြင်ဆင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဟာ အမျိုးမျိုးသော ဓလေ့ထုံးထမ်းစဉ်လာတွေကို ကျွန်မတို့ သွားပြီးတော့ ထိခိုက်စေလိုတာ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ကျွန်မတို့ရဲ့ အမျိုးသမီးတွေရဲ့ ကျန်းမာရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ ပညာရေးဆိုင်ရာရှုထောင့် အသီးသီးကနေပြီးတော့ အိမ်ထောင်ပြုနိုင်တဲ့အသက်ဟာ အနိမ့်ဆုံး(၁၈)နှစ် ဖြစ်သင့်တာကို ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ဒီ ဥပဒေပြုတဲ့သူတွေကလည်း ကိုယ့်ရဲ့ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ လမ်းညွှန်ပေးစေချင်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ဒီဟာကလည်း အထူး Special Law ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဓလေ့ထုံးတမ်းတွေကိုလည်း တဖြည်းဖြည်းနဲ့ ကျွန်မတို့က ကျော်လွန်ပြီးတော့ ပညာပေးမှုတွေကနေပြီးတော့ ကလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုမှုတွေ မဖြစ်သင့်တာကို မဖြစ်ပွားအောင် အသိပညာပေးမှုတွေလည်း ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ဒီနေရာမှာတော့ ဒီ အသက်(၁၈)နှစ်ပြည့်ပြီး အနိမ့်ဆုံးသည် အသက်(၁၈)နှစ် ဖြစ်သင့်သည် ဖြစ်ပါသည် ဆိုတာကိုလည်း ကျွန်မတို့ တိတိကျကျ ပြဋ္ဌာန်းပေးစေချင်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း(၂၁)၊ ပုဒ်မ ၇၅(က)မှာ ကလေးတွေရဲ့ အသက်ကို သူတို့က အသက်(၁၂)နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်စေရဟု ကျွန်မက ပြင်ဆင်ပြီးတော့ (ခ)ကို ပယ်ဖျက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက်(၁၂)နှစ်အောက် ကလေးဟာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့အခြေအနေလည်း မရှိပါဘူး။ သူ့မှာ ရင့်ကျက်တဲ့ စိတ်လည်း မရှိတဲ့အတွက် မရှိဘူးဆိုတာကို စိတ်ပညာရှုထောင့်တွေကလည်း များစွာသုံးသပ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ဥပဒေနဲ့ ဥပဒေပြုသူများဟာ ကလေးသူငယ်၏ အခွင့်အရေးတွေကို အပြည့်အဝ ရရှိစေရန်နဲ့ ကုလသမဂ္ဂ Convention ကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ပြီးတော့ ဆွေးနွေးလိုက်ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေရဲ့ အပိုဒ် ၃(တ) ကနေ (ဗ) အထိလည်းကောင်း၊ အပိုဒ် ၂၉၊ ၃၀၊ ကျွန်တော်တို့ ၆၀၊ ၆၃၊ ၆၆၊ ၇၁၊ ၇၄၊ ၇၆၊ ၇၇၊ ၇၈၊ ၈၄၊ ၈၈ စတဲ့ အပိုဒ်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃(တ)မှာ အဓိက(၅)ချက် ဆွေးနွေးသွားမှာပါ။ အဲဒီတော့ အပိုဒ် ၃(တ)မှာ ကျွန်တော်တို့ ကလေး သူငယ်ကို ရောင်းချခြင်း ဆိုတဲ့နေရာမှာ ငွေကြေးရလို့၊ အဖိုးစားနားရလို့ ရောင်းတာလည်း ပါ ပါတယ်။ ကလေးသူငယ်ကို မုန်းတီးလို့ သူ့အမျိုးတွေကို၊ မိဘတွေကို လက်စားချေချင်လို့၊ အစဖျောက်ချင်လို့၊ မျိုးဆက်ဖြတ်ချင်လို့၊ ရည်ရွယ်ချက်မျိုးနဲ့ ကလေးကို ကျွန်တော်တို့ လွှဲပြောင်းပေးတဲ့ကိစ္စမျိုးဟာ လွတ်သွားပါတယ်။

ဒါကြောင့်မို့လို့ ဒါဟာ မပါတဲ့အတွက် ကလေးသူငယ်ကို ကာကွယ်ရာ မရောက်ပါဘူး။ အဲဒီ အပြင် ကျွန်တော်တို့ အပိုဒ် ၃(ဒ)မှာလည်း ညစ်ညမ်းပုံတွေကို ပြုလုပ်ဖြန့်ဖြူးတဲ့နေရာမှာ လိင်ပိုင်းဆိုင်

ရာ လုပ်ငန်းများအတွက် ရည်ရွယ်ပြီးလုပ်မှ ပြစ်မှုမြောက်တယ်ဆိုတော့ တခြားရည်ရွယ်ချက်တွေက အပြစ်မရှိတဲ့သဘော ဖြစ်နေပါတယ်။ တခြားရည်ရွယ်ချက်တွေဖြစ်တဲ့ ဒီ ကလေးသူငယ်ရဲ့ ညစ်ညမ်းပုံတွေကို ခိုးရိုက်ပြီးတော့ ငွေညစ်တာတွေ၊ အညွန့်ချိုးတာတွေ၊ လက်စားချေတာတွေ၊ အဲဒီ ရည်ရွယ်ချက်တွေ လွတ်သွားနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ဒါတွေ ဖြည့်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ (တ)မှာ ကျွန်တော်တို့ ကလေးသူငယ်ကို လွှဲပြောင်းရောင်းချတယ် ဆိုတဲ့နေရာမှာ ငွေကြေးရလို့၊ အဖိုးစားနားရလို့ ဆိုတဲ့အပြင်၊ ရောင်းချတဲ့အပြင် ကျွန်တော်တို့ ကလေးသူငယ်ရဲ့ နစ်နာမယ်မှန်းသိလျက်နဲ့ အခြားနည်း တစ်ခုခုကြောင့် လွှဲပြောင်းပေးခြင်းဟာလည်း ကျွန်တော်တို့ ဒီပြစ်မှုထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာလည်း ပါဝင်သင့်ပါတယ်။ ဒီအတိုင်းပဲ ကလေးသူငယ်ရဲ့ ညစ်ညမ်းပုံကို ဘာကြောင့်ပဲ ပြုလုပ် ပြုလုပ် ပြစ်မှုမြောက်တယ်ဆိုတဲ့ဟာ ကျွန်တော်တို့ဖြစ်အောင် ဖြည့်စွက်ပြဌာန်းဖို့ လိုပါတယ်။

နောက်တစ်ခုကတော့ အပိုဒ် ၇၇ ပါ။ ပြစ်မှုကျူးလွန်တဲ့ ကလေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့မြို့နယ် ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကနေ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဟာ လုပ်ငန်းစဉ်အရ ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်ဟာ အပြီးအပြတ်ဖြစ်တယ်လို့ ပြဌာန်းထားတဲ့အတွက် ပါလီမန်ခေတ်က အဖြစ်အပျက်တွေ၊ ပြီးခဲ့တဲ့ခေတ်က အဖြစ်အပျက်တွေ၊ ငွေရှိ၊ အာဏာရှိတဲ့လူတွေက သူတို့ရဲ့ ဆိုးသွမ်းသားသမီးတွေကို ငွေထုပ်၊ အာဏာထုပ်နဲ့ လိုက်ဖြေရှင်းပြီးတော့ ဆင်းရဲသားတွေကို အနိုင်ကျင့်တဲ့ဟာတွေ ထပ်ပြီးတော့ ပေါ်လာနိုင်ပါတယ်။

ဒါကြောင့်မို့လို့ တရားမျှတစွာ ဖြေရှင်းရင်တော့ တော်သေးတာပေါ့။ မတရားလုပ်ပြီးတော့ ဒီလိုအပြီးအပြတ် ဖြစ်တယ်ဆိုရင် နစ်နာတဲ့လူအတွက်က လမ်းပိတ်သွားတာပါပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအပိုဒ်ကို ပယ်ဖျက်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ အပိုဒ် ၇၈ ပါ။ အဲဒီမှာလည်း ပြစ်မှုကျူးလွန်တဲ့အသက်ကို အသက်(၁၂)နှစ် မပြည့်သေးတဲ့ကလေးရဲ့ ပြုလုပ်မှုဟာ ပြစ်မှုမမြောက်လို့ ရှင်းလင်းပြတ်သားစွာ ပြဌာန်းသင့်ပါတယ်။ အဲဒီအပြင် အပိုဒ် ၈၄(ခ)မှာလည်း ကျွန်တော်တို့ ဒီကလေးသူငယ် တရားရုံးကနေ ဒီအမှုတွေကို စစ်ဆေးတဲ့နေရာမှာ တာဝန်ရှိတဲ့ လူတွေအပြင် ကျွန်တော်တို့ အခြားသူတွေရယ် မရှိရလို့ ပါမည်ဆိုတဲ့ဟာ မပြည့်စုံပါဘူး။ တကယ်တမ်းအရင်ခေတ်ကဆို ကျွန်တော်တို့ In Camera ဆိုပြီးတော့ တံခါးပိတ်ပြီးတော့ကို ကျွန်တော်တို့ စစ်ကြရတာပါ။ အဲဒီတော့ အခုအချိန်မှာ အဲဒီလို မရှိရ ဆိုတာကို မရှိတော့ မရှိဘူး။ ဟိုးအဝေးကြီးကနေ ဝိုင်းအုံနေမယ်၊ ချောင်းကြည့်နေမယ်ဆိုရင် ဥပဒေရဲ့ ရည်ရွယ်ချက် မပြီးမြောက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ စစ်ဆေးနေတဲ့ တာဝန်ရှိတဲ့လူတွေမှအပ ဒီ တခြားလူတွေ၊ မမြင်နိုင်အောင် ဆောင်ရွက်ပြီးမှ ကြားနာစစ်ဆေးရမယ် ဆိုတဲ့ဟာမျိုး ဖြစ်သင့်ပါတယ်။ အဲဒီလို ပြင်သင့်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြင်ချင်တာတွေကတော့ ကျွန်တော်တို့ ဖြည့်ဖို့ကတော့ ဒီမွေးစားတယ် ဆိုတဲ့ ပယ်ဖျက်တဲ့ကိစ္စမှာ တခြားအကြောင်းတွေကြောင့် ပယ်ဖျက်သင့်တဲ့အကြောင်းတွေကိုလည်း ဖြည့်စွက်သင့်ပါတယ်။ အဲဒီအပြင် ပုဒ်မ ၆၀(ဂ)မှာ တစ်နည်းနည်းဖြင့် စုဆောင်းထားသော ဒီ (၁၈)နှစ်အောက် ကလေးတွေကို တပ်ဖွဲ့ဝင်အဖြစ် စုဆောင်းတဲ့ကိစ္စကိုလည်း တစ်နည်းနည်းဖြင့် စုဆောင်းထားတဲ့ ကလေးငယ် ဆိုပြီးတော့ ဖြည့်စွက်သင့်ပါတယ်။ အဲ့ဒီအပြင် ပုဒ်မ ၆၃(ခ) မှာလည်း

တပ်မတော်အနေဖြင့် ဆိုတဲ့စကားရပ်ကို ဖြည့်ဖို့လိုပါတယ်။ ပြီးရင် ၇၄ မှာလည်း မြို့နယ် ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ကျွန်တော်တို့ သင့်တော်တဲ့လူနဲ့ဖွဲ့တယ်ဆိုတာကို အရင်ခေတ်ကအတိုင်း လက်သင့်ရာစားတော်ခေါ်ပြီးတော့ ပိုင်ရာဆိုင်ရာတွေနဲ့ ဖွဲ့ကြမယ်ဆို ခက်သွားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ တိတိကျကျဖွဲ့ဖို့၊ သတ်မှတ်ဖို့လိုပါတယ်။

နောက်တစ်ခုက အပိုဒ် ၈၈ မှာ ကျွန်တော်တို့ တခြားနည်းလမ်း မရှိလို့ရှိရင် ဒီကလေးသူငယ်ကို ထောင်ချရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ အခြားနည်းလမ်း ဆိုတဲ့နေရာမှာ အခြားနည်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ဖို့ ကြိုးစားမှုမရှိဘဲနဲ့ တန်းပြီးတော့ ထောင်ချတာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့ အခြားနည်းလမ်းနဲ့ ဆောင်ရွက်ပြီး မရမှသာလျှင် ဆောင်ရွက်ဖို့ ကြိုးစားဖို့ အခွင့်အရေး၊ တာဝန်မျိုး သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ အပိုဒ် ၃(ဓ) မှာလည်း ကျွန်တော်တို့ အဂတိ ဆိုတဲ့နေရာမှာ ငွေကြေးမှ မဟုတ်ပါဘူး။ အခွင့်အရေး တစ်စုံတစ်ရာ ယူပြီးတော့လည်း လက်ခံရယူတာကိုလည်း ဖြည့်စွက်သင့်ပါတယ်။ အပိုဒ် ၃(န)၊ (ဍ) မှာလည်း မူးယစ်ဆေးဝါးသယ်ဆောင်တဲ့ကိစ္စတွေကိုလည်း ဖြည့်စွက်သင့်ပါတယ်။ ကျွန်တော်တို့ အဲဒီအပြင် နှိမ့်ချဆက်ဆံတာတွေ၊ ဒီဟာတွေလည်း အမျိုးသားလွှတ်တော်ရဲ့ အပိုဒ် ၂၃ ပြင်ဆင်ချက်ဟာ ပြည့်စုံတဲ့အတွက် ထောက်ခံပါတယ်။ အဲဒီအတွက် အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန်ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို **၁၁း၂၇** နာရီ အချိန်တွင် ရပ်နားပါသည်။]